ဒုတိယအိမ် နိုင်ငံတကာစာပေဆက်ဆံရေးအင်အားစု

P.O Box 201 Rochester, NY 14580------Ph: 585-957-6452----Fax: 585-671-4707

(၁၇) ကြိမ်မြောက်တရုတ်ပြည်ကွန်မြူနစ်ပါတီကွန်ဂရက်ညီလာခံကိုဖိတ်ကြားခံခဲ့ရတဲ့ကြံ့ဖွံ့အုပ်စုကလူငယ်တွေ
တရုတ်ပြည်ကြီးဆီကဘာတွေသင်ကြားခဲ့ကြသလဲ၊ ပြည်သူတွေအပေါ်ဘာတွေကောင်းကျိုးတွေလုပ်နေကြပါသလဲ။
မြောက်ကိုရီးယားရဲ့လေကြောင်းပိုင်နက်ကိုလာရောက်ထောက်လှမ်းနေတဲ့ဂျပန်လေယာဉ်ကိုပစ်ချပစ်မယ်လို့ကိုရီးယားကွန်မြူနစ်တွေကသတိပေးနေတယ်။
အမေရိကန်ပြည်ထောင်စုရဲ့ဟာဝိုင်အီကိုလည်းခြိမ်းခြောက်နေတယ်။
အော်ကိုင်းဒါးရဲ့လေ့ကျင့်ရေးစခန်းတွေကဆိုမားလီးယားနိုင်ငံမှာဖဟိုပြုလာတယ်။
"မိုဂါဒစ်ရှူး"မြို့ဆီကဆိုမားလီးယားအစိုးရရဲ့အကူအညီတောင်းဆိုမှုကိုအမေရိကန်ပြည်ထောင်စုကလက်ခံပြီးလက်နက်၊ငွေရေးကြေးရေးအကူအညီတွေပံ့အောခဲ့တယ်။
အီရတ်ကအမေရိကန်တပ်ဆုတ်ခွာမှုနီးကပ်လာလေ၊ အီရတ်မှာအသေခံဗုံးခွဲမှုတွေပိုများလာလေ။
ဟွန်ဒူးယပ်(-စ) ကအာဏာသိမ်းမှု၊ အီရန်ဘာသာရေးခေါင်းဆောင်တွေရဲ့ဆန္ဒပြသူတွေအပေါ် သနားညှာတာမှုမဲ့တဲ့အပြစ်ပေးမှုတွေ-ပြီးတော့- ပါကစ္စတန်တာလီဘန်များ-----

ကျနော်တို့မှာရေးချင်နေတဲ့အကြောင်းအရာတွေကအများကြီးပါ။ လက်ရှိဖြစ်ပျက်နေတဲ့နိုင်ငံတကာအခင်းအကျင်းကိုကျနော်တို့လှုပ်ရှားမှုနဲ့ဘယ်လိုထင်ဟပ်အောင်ရေးမလဲ-
ပြည်တွင်းကလူတွေကိုကိုယ်တတ်နိုင်တဲ့ဘက်ကဘယ်လိုကူညီပေးနိုင်မလဲ။ ကျနော်တို့မှာအချိန်ကမလောက်ဘူး။

ဒါပေမဲ့ခုတလောကျနော်တို့ကိုတောင်းဆိုနေတဲ့ စာတွေရောက်လာတယ်။
တခါတုံးကလုပ်ဖေါ်ကိုင်ဘက်တွေဆီကပါ။ မေးထားတဲ့မေးခွန်းတွေက အင်မတန်မှခါးခါးသီးသီးခံစားနေရတဲ့အကြောင်းအရာတခုဆိုတာသဘောပေါက်နေတယ်။
"ကျနော်တို့နဲ့မဆိုင်တဲ့အင်တာဗျူးတွေ၊ သဘောထားတွေ၊ ဆောင်းပါးတွေအတွက် ငြင်းခုန်မှုမလုပ်ချင်ပါဘူး၊ အချိန်ကုန်ပါတယ်။ ကာယကံရှင်ကိုပဲလှမ်းမေးလိုက်ပါလား"
လို့အကြံပေးခဲ့တယ်။ လူတွေပဲယုံကြည်သလိုပုံသန်းခွင့်ရှိတယ်။ လူတိုင်းမှာသူ့အယူအဆကိုပြောဆိုပိုင်ခွင့်ရှိတယ်။
ဒါပေမဲ့-ကိုယ့်လူတွေကမရဘူး။ နောက်ထပ်စာတွေထပ်ရောက်လာတယ်။ သူတို့မှာလွတ်လွတ်လပ်လပ်ပြောခွင့်မရလို့ပါတဲ့။ဒီတခါတော်တော်ပြင်းထန်တယ်။
သူတို့ရဲ့စာကိုစာတကြောင်းတလေမှပြင်ဆင်ဖြည့်စွက်ခြင်းမပြုပဲတချို့စာကြောင်းတွေကိုဖေါ်ပြပေးလိုက်ပါတယ်။ ဒီဆောင်းပါးအဆုံးရဲ့နောက်မှာထည့်ပေးထားပါတယ်။

မိတ်ဆွေတို့က သူတို့ရဲ့စာကိုအရင်ဖတ်ချင်တယ်ဆိုရင်တော့-စာမျက်နှာနောက်ဆုံးကနေစဖတ်လိုက်တာကောင်းမယ်ထင်ပါတယ်။

သူတို့ကျေနပ်လောက်မဲ့အဖြေမျိုးလည်းဖြစ်မယ်၊ ကျနော်တို့ခြင်းလည်းပြဿနာနည်းနိုင်သမျှနည်းအောင်-ကြိုးစားပြီးရေးထားပါတယ်။
ကျနော်တို့လွတ်လွတ်လပ်လပ်ရေးထားတဲ့အကြောင်းအရာတွေကို၊ တချို့လူတွေကမကျေမနပ်ဖြစ်ကြမယ်ဆိုရင်တော့
"တသက်လုံးစိတ်ချမ်းသာချင်ရင်သစ်ပင်စိုက်ပါ" ဆိုတဲ့အကြံပေးချက်ကိုသာလက်ဆင့်ကမ်းလိုက်ချင်ပါတယ်။

---

## ဘယ်သူတွေကဘယ်သူတွေကို --ထိပ်တိုက်တွေ့နေကြတာလဲ

တိုင်းပြည်တည်ငြိမ်မှု ( Stability) ဆိုတဲ့စကားလုံးကိုရောမန်အင်ပါယာ၊ ဂရိ၊ အေသင်၊ စပါတာ၊နပိုလီယံဘိုနာဘတ်၊ ဟစ်တလာ။မူဆိုလိုနီ၊ ပီနိုချေး တို့ ရဲ့မိန့်ခွန်းတွေထဲမှာ တသွင်သွင်ပြောခဲ့ဘူးသလို၊ ၁၉ ရာစု ဥရောပနိုင်ငံရေးဇာတ်ခုံမှာလည်း မနားတမ်းစစ်ဆင်ညှိနှိုင်းခဲ့ကြတယ်။ မြင်ခဲ့ရတယ်။ ဗိုလ်ချုပ်နေဝင်း၊ စောမောင်၊ သန်းရွှေ တို့လည်း မနားတမ်းပြောကြားခဲ့ဘူးသလို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ခေါင်းဆောင်တွေကလည်းခေတ်မှီခြင်းလေးရပ်နဲ့ထိန်းချုပ်ပြီးပြောဆိုနေကြတယ်။

စကားလုံးတွေ ကို ဘက်ပေါင်းစုံကအဓိပ္ပါယ်ဖွင့်ကြတယ်။ အဆင့်တဆင့်ခြင်းဆီက ချဉ်းကပ်ကြတယ်။
သေချာတာတခုက-နိုင်ငံတနိုင်ငံရဲ့တည်ငြိမ်မှုဆိုတာ၊ ကျန်တဲ့နိုင်ငံတနိုင်ငံအတွက်ထိပ်တိုက်တွေ့မှုတွေအဖြစ်ဖန်တီးပေးလိုက်တယ်။
အဖြစ်ဆိုးတွေကိုပိုမိုရောက်ရှိလာခဲ့တယ်။ ဘယ်သူကဘယ်သူ့ကိုထိပ်တိုက်တွေ့နေတာလဲ။
လွတ်မြောက်ရေးလှုပ်ရှားနေသူတွေကလား။
ပြည်သူ့လူထုရဲ့ဒီမိုကရေစီရေးတောင်းဆိုသံတွေကိုမသိကျိုးကျွံပြုလုပ်နေကြတဲ့၊ စီးပွားရှာနိုင်ငံတွေ ကလား။

## စဉ်းစားချက် (၁)

အမေရိကန်ပြည်ထောင်စုရဲ့အနားမှာကပ်ပြီးတည်ရှိနေတဲ့ကျူးဘားနိုင်ငံ၊ ဗင်နီဇွဲလားနိုင်ငံအပါအဝင်တောင်အမေရိကတိုက်တခုလုံးဟာ အမေရိကန်ပြည်ထောင်စုရဲ့လုံခြုံရေး၊ စီးပွားရေးအတွက်အရေးပါတယ်။ ဒါကြောင့် စစ်အေးတိုက်ပွဲကာလအတွင်းမှာ၊ကျူးဘားက-"ဘာတစ်စတာ" အာဏာရှင်အစိုးရကိုအမေရိကန်ပြည်ထောင်စုက ထောက်ခံပံ့ပိုးခဲ့တယ်။ အဲ့ဒီနိုင်ငံကအာဏာရှင်တွေ၊ ပြည်သူတွေရဲ့စားဝတ်နေရေးတွေကိုဂရုစိုက်တာမစိုက်တာထက် အမေရိကန်ပြည်ထောင်စုရဲ့လုံခြုံရေး၊ တည်ငြိမ်ရေးကပိုပြီးအရေးကြီးတယ်။

"ဖီဒယ်ကပ်စထရို" ဆိုတဲ့ပုဂ္ဂိုလ်ကလည်းမဟာဗျူဟာမှာညံ့လိုက်တာ။ တကယ်ဆို-အမေရိကန်ပြည်ထောင်စုက သူ့ကိုထောက်ခံလာအောင်လုပ်ပြီးမှ၊ ဘာတစ်စတာအစိုးရကိုဖြုတ်ချသင့်တယ်။ ဘာလို့အမေရိကန်ဆန့်ကျင်ရေးလုပ်နေခဲ့ရတာလဲ။ ဘာလို့အမေရိကန်နိုင်ငံခြားရေးမူဝါဒတွေကိုဝေဖန်နေရတာလဲ၊ ဘာလို့အမေရိကန်တွေနဲ့ထိပ်တိုက်တွေ့နေရတာလဲ။ အိမ်နီးချင်းနိုင်ငံတွေလေ။ တည့်အောင်နေတာမဟုတ်ဘူး။

အဲ့သလို၊ ခါးခါးသီးသီးကြုံတွေ့နေရတဲ့သမိုင်းဆိုင်ရာဖြတ်သန်းမှုတွေကို ပြီးစလွယ်-ကောက်ချက်ချခဲ့တဲ့အဖြစ်မျိုး-ခင်ဗျားဘဝမှာဘယ်နှစ်ခါကြုံဘူးပါသလဲ။ နှစ်တွေကိုတနှစ်ခြင်းနားလည်မှုပေးခဲ့သူရဲ့မြုံနေတဲ့မီးတောင်တွေနားမှာခင်ဗျားဘယ်နှစ်ခါနေထိုင်ခဲ့ဘူးပါသလဲ။

## စဉ်းစားချက် (၂)

လူတွေကပြောနေကြတယ်ဗျာ။ တရုတ်ပြည်ကြီး အာဏာရှင်နိုင်ငံတွေဆီကရေနံဝယ်ယူနေရတာတွေ၊ အာဏာရှင်တွေကို လက်နက်ရောင်းနေတာ၊ သူတို့ရဲ့ယန္တရားကိုထောက်ပံ့ကာကွယ်ပေးနေတာကိုနားလည်ပေးပါတဲ့။ သူတို့တိုင်းပြည်တည်ငြိမ်ရေးအတွက်ကျနော်တို့နိုင်ငံကကျွန်းတန်းတွေဟာအရေးပါတယ်လေ။ သူတို့ရဲ့မဟာဗျူဟာကိုသွားမနှောက်ရှက်နဲ့နော်။ နဂါးကြီးမျက်စောင်းထိုးလိုက်ရင်--------

ဒါဆိုလည်းဗျာ- အီရတ်ကိုအမေရိကန်ကကျူးကျော်သိမ်းပိုက်တဲ့ကိစ္စ ကိုလည်းနားလည်ပေးလိုက်တော့ လို့ဆိုသလိုမျိုးဖြစ်နေတယ်။
ဆဒမ်ဟူစိန်ကအမေရိကန်ပြည်ထောင်စုအတွက်အန္တရာယ်ရှိတယ်လေဗျာ။
ပြီးတော့-အရှေ့အလယ်ပိုင်းဆိုတာအမေရိကန်ပြည်ထောင်စုအတွက်အသက်တမျှအရေးပါတဲ့နေရာ၊
အဲ့သလိုနားလည်နေတယ်ဆိုရင်-အမေရိကန်ပြည်ထောင်စုကအရှေ့အလယ်ပိုင်းမှာဘာတွေပဲလုပ်လုပ်ငြိမ်ခံနေကြရမယ်။
အမေရိကန်ပြည်ထောင်စုရဲ့နိုင်ငံခြားရေးရာမူဝါဒတွေကိုသိတ်ပြီးဝေဖန်မနေနဲ့၊ စစ်ဆန့်ကျင်ရေးတွေ၊ ဘာတွေထဲမှာလည်းသွားပါမနေနဲ့ပါနဲ့ဗျာ။

မိတ်ဆွေ-သမိုင်းဆိုင်ရာကောက်ချက်တွေကို အဲ့သလိုလုပ်ပစ်လို့ရပါရဲ့လား။
"ဟန်မော်ဂျင်သောင်း" ရဲ့နိုင်ငံတိုင်းဟာ ကိုယ်ကျိုးစီးပွားတွေကိုသာကြည့်ရမယ်" ဆိုတဲ့အဘိဓမ္မာကို (၂၁) ရာစု ကွန်မြူနစ်တိုင်းပြည်တည်ထောင်ခန်းရဲ့ကြေငြာစာတမ်းမှာ ပွင့်ပွင့်လင်းလင်းထည့်ရေးလိုက်ရင်ကောင်းမယ်ထင်တယ်။ နေစမ်းပါအုံး။ "ပြည်သူ့ဒီမိုကရေစီ" လို့ကြွေးကြော်ခဲ့တဲ့နိုင်ငံတွေကအခုတော့ပြည်သူတွေရဲ့ဆန္ဒအုံကြွမှုကို တကယ်ရောနားလည်ကြရဲ့လား ။
သံသယဖြစ်နေတာကတော့ ၁၉၈၈ အရေးတော်ပုံကြီးကို ကိုယ်တိုင်ကိုယ်ကျပါဝင်ပါလာကတည်းပါ။

## စဉ်းစားချက် (၃)

အမေရိကန်သမ္မဘရက်အိုဘားမားလက်ထက်မှာ အစ္စရေး-ပါလက်စတိုင်းပြဿနာကိုချဉ်းကပ်အဖြေရှာတဲ့အခါ၊အထူးသဖြင့်အစ္စရေးနိုင်ငံကိုဖိအားပေးလာတာကိုတွေ့ရတယ်။ အစ္စရေးဝန်ကြီးချုပ်နာတန်ရာဟုရဲ့"ပါလက်စတိုင်းလက်နက်ကိုင်အုပ်စုတွေဟာလက်နက်စွန့်လွှတ်ရမယ်"ဆိုတဲ့အဆိုပြုချက်ကို ပါလက်စတိုင်းနိုင်ငံရေးခေါင်းဆောင်အားလုံးက
" အချုပ်အခြာအာဏာကိုထိန်းသိမ်းကာကွယ်ဖို့အတွက် လက်နက်ကိုင်တပ်မရှိတဲ့ဒေသကို တိုင်းပြည်လို့ခေါ် ဆိုနိုင်သလား။
ဒါဟာ အစ္စရေးနိုင်ငံကပါလက်စတိုင်းတွေကိုသူ့ရဲ့ယန္တရားထဲမှာအချိန်မရွေးနိုပ်ကွပ်နိုင်အောင်လုပ်ချင်တဲ့ကြံစီမှုတခုဖြစ်တယ်"လို့ခါးခါးသီးသီးတုံ့ပြန်ခဲ့တယ်။

အမေရိကန်သမ္မတဘရက်အိုဘားမားကလည်း အစ္စရေးရဲ့အဆိုပြုချက်ကို ငြင်းပယ်ဖို့သံမိဌာန်ချထားတယ်လို့ဆိုတယ်။
အနောက်ဘက်ကမ်းနဖူးက နေရာ(၄) နေရာလောက်မှာ ပါလက်စတိုင်းလက်နက်ကိုင်တပ်တွေကို ဒေသဆိုင်ရာလုံခြုံရေးလက်နက်ကိုင်တပ်တွေအဖြစ် တာဝန်ယူပေးဖို့ညှိနှိုင်းဆွေးနွေးခဲ့တယ်။ ပါလက်စတိုင်းဘက်ကလည်းနေရာယူဖြန့်ကျက်လိုက်တယ်။

အစ္စရေးနိုင်ငံရဲ့ခေါင်းဆောင်"နာတန်ရာဟု"က ဘရက်အိုဘားမားရဲ့အဆိုကိုဖြည်းဖြည်းခြင်းလိုက်လျောနေရတယ်။
တဘက်မှာတော့ ဘရက်အိုဘားမားကဟားမတ်ပါလက်စတိုင်းအမာခံအုပ်စုတွေကိုစကားတခွန်းပို့လိုက်တယ်။
" ဟားမတ်အဖွဲ့ဆိုတာကလည်းပါလက်စတိုင်းပြည်သူတွေအချို့ကထောက်ခံအားပေးထားတဲ့အဖွဲ့ဖြစ်တယ်။ဟားမတ်အဖွဲ့အနေနဲ့လည်း

ပါလက်စတိုင်းပြည်သူတွေညီညွတ်ခိုင်မာရေးအတွက်တာဝန်ရှိတယ်။ ဒီတာဝန်သိတတ်မှုကိုယူစေချင်ပါတယ်။ အကြမ်းဖက်မှုတွေမဖြစ်ပွားဖို့ကြိုးစားပေးပါ”လို့ဆိုတယ်။

ထူးခြားတာက ဘရက်အိုဘားမားရဲ့အသုံးအနှုန်းတွေဟာ ယှဉ်သမ္မတ ဂျော့ဘုရှ်လို “ ဟားမတ်အဖွဲ့ဟာအကြမ်းဖက်အဖွဲ့အစည်းဖြစ်တယ်” ဆိုတဲ့စကားလုံးတွေကို ရှောင်ကျဉ်သုံးစွဲခဲ့တယ်။ ဆီးရီးယားနိုင်ငံ“ဒမတ်စကတ်” မြို့မှာနေထိုင်တဲ့ ဟားမတ်အဖွဲ့ခေါင်းဆောင်“ခါလက်မာရှယ်” က ဘရက်အိုဘားမားရဲ့ ဘာသာဖေဒအသုံးအနှုန်းတွေကိုကြိုဆိုတယ်လို့ဆိုတယ်။ ကြိုတင်သတ်မှတ်မထားတဲ့အခြေအနေတခုအောက်မှာတွေ့ဆုံဆွေးနွေးချင်တယ်”လို့ကမ်းလှမ်းတယ်။ ဒါပေမဲ့-“အမေရိကန်သမ္မတဘရက်အိုဘားမားဟာအရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးကိုပိုမိုလုပ်ဆောင်ရမယ်” လို့ထပ်မံတိုက်တွန်းလိုက်တယ်။

တကယ်တော့- ဂါဇာကမ်းမြောင်ဆိုတဲ့နေရာဟာ အစ္စရေးကသူ့နိုင်ငံရဲ့လုံခြုံရေးအတွက်လို့အကြောင်းပြပြီးပါလက်စတိုင်းပြည်သူတွေကိုလေးဘက်လေးတန်ပိတ်ဆို့ထားတဲ့နေရာဖြစ်တယ်။ ဟားမတ်ကလည်းနည်းပေါင်းစုံနဲ့ပြန်လည်တိုက်ခိုက်နေကြတယ်။

မိတ်ဆွေ-

နျူကလီယားလက်နက်ပိုင်ဆိုင်မှုဆိုင်ရာပြဿနာ၊ အကြမ်းဖက်သမားဆိုတဲ့ဝေါဟာရ၊ ဂါဇာကမ်းမြောင် နဲ့ ပါလက်စတိုင်း-အစ္စရေးပြဿနာတွေအပါအဝင် စစ်ပွဲတွေ၊ သွေးထွက်သံယိုမှုတွေအကြောင်းစဉ်းစားကြတဲ့အခါ၊ မိတ်ဆွေတို့က ဘယ်အမြင်ကနေစဉ်းစားသုံးသပ်လေ့ရှိကြပါသလဲ။

(က) နိုင်ငံတော်လုံခြုံရေး ( National Security) အမြင်ကနေကြည့်မလား

(ခ) အပြည်ပြည်ဆိုင်ရာလုံခြုံရေးအမြင် ( International Security) အမြင်ကနေကြည့်မလား။

သေချာတာတခုကတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီဟာ- ဗီတိုပါဝါကိုင်ထားတဲ့ အင်အားကြီးနိုင်ငံ (၅) နိုင်ငံရဲ့လက်ထဲမှာပဲရှိတယ်လို့သဘောပေါက်တယ်ဆိုရင်၊ အပြည်အပြည်ဆိုင်ရာလုံခြုံရေးအမြင် ဆိုတာဘယ်သူ့လက်ထဲမှာရှိတယ်ဆိုတာအလိုလိုသဘောပေါက်ပြီးသားဖြစ်ပါလိမ့်မယ်။

တကယ်တော့နိုင်ငံတနိုင်ငံရဲ့ အမျိုးသားဆိုင်ရာလုံခြုံရေးအမြင်နဲ့ အပြည်ပြည်ဆိုင်ရာလုံခြုံရေးအမြင်နှစ်ခုဟာ-ကိစ္စများစွာမှာဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပါတယ်။ အစ္စရေး၊ အီရန်၊ မြောက်ကိုရီးယားနိုင်ငံတွေရဲ့နျူကလီးယားပြဿနာတွေက အထင်ရှားဆုံးဥပမာတွေဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာလုံခြုံရေးအမြင်နဲ့ထုတ်ပြရေးသားထားတဲ့စာတမ်းတွေကိုနိုင်ငံကြီးတွေကကြိုက်နှစ်သက်ပါတယ်။ သူတို့ရဲ့ဆန္ဒကို ထင်ဟပ်နေတဲ့ နားလည်ပေးမှုတွေဖြစ်နေလို့ပါ။

---






## ချေဂွေဘားရား နှင့် လွှမ်းမိုးထားသော စံပြချက်များ

ပြီးခဲ့တဲ့ လ တုံးက "ချေ" ( Che) ဆိုတဲ့ရုပ်ရှင်ကားလေးကိုကြည့်မိတယ်။ ချေဂွေဘားရား ရဲ့တော်လှန်ရေးကိုခြယ်မှုန်းထားတဲ့အနုပညာရပ်တခုပါ။
ချေဂွေဘားရားရဲ့ " မော်တော်ဆိုင်ကယ်ဒိုင်ယာယီ" ဆိုတဲ့ရုပ်ရှင်ကို ၂၀၀၄ လောက်တုံးကကြည့်ခဲ့ဘူးတယ်။ ဒါရိုက်တာက ဘရာဇီးကဆိုတော့သိတ်ပြောစရာမလိုဘူး။
အကောင်းတွေပဲရိုက်မှာပဲလို့တွက်ထားခဲ့တယ်။ ဘာလို့လဲဆိုတော့-လက်တင်အမေရိကားတခုလုံးမှာ " ချီဂွေဘားရား" ကိုသူရဲကောင်းတယောက်အဖြစ်ချစ်ခဲ့ကြတာမို့လား။
ချေဂွေဘားရားမကောင်းကြောင်းသွားရိုက်လို့မရဘူး။ ဆန္ဒပြပွဲတွေနဲ့ထိပ်တိုက်တိုးသွားမယ်။

ဒါပေမဲ့ဒီတခါ " ချေ " အကြောင်းရိုက်တဲ့ ဒါရိုက်တာက အမေရိကန်ဒါရိုက်တာ၊ သူက "ဖရန့်ကက်ဖကာ" ရဲ့အနုပညာဖန်တီးမှုတချို့ ဘဝတချို့ကိုဖန်တီးထားတဲ့ရုပ်ရှင်တွေအပြင်၊
လူမှုလက်တွေ့ဘဝတွေထဲမှာရှုပ်ထွေးနေတဲ့တကယ့်အဖြစ်အပျက်တွေကိုလည်းရိုက်ခဲ့တဲ့သူ၊ အမေရိကန်ဒါရိုက်တာတယောက်ကချေဂွေဘားရားကိုပုံဖေါ်တဲ့အခါ၊
ဘယ်လိုတင်ပြမလဲ၊ သိချင်စိတ်တဝက်နဲ့ ရုပ်ရှင်ရုံကိုသွားခဲ့တယ်။ ချေဂွေဘားရား နဲ့ပတ်သက်တဲ့သမိုင်းတွေကို ဖတ်ခဲ့ရပေမဲ့ ကိုယ်သတိမထားမိတဲ့အရာတွေကို
အနုပညာဖန်တီးတတ်သူတွေက ဖြတ်ကနဲချယ်မှုန်းပြတတ်တယ်" လို့ယုံကြည်နေတာကတပိုင်းလည်းပါမယ်ထင်ပါရဲ့။

ရုပ်ရှင်က (၄)နာရီကျော်ကြာတဲ့အတွက် နှစ်ပိုင်းခွဲပြီးတင်တယ်။ ကျနော်တို့မှာ ကားပြီးအောင်ကြည့်ဖို့ (၂) ပတ်ကျော်ကြာအောင်စောင့်ခဲ့ရတယ်။
ပထမပိုင်းမှာ ကျူးဘားတော်လှန်ရေးကိုတင်ပြထားပြီး၊ ဒုတိယပိုင်းမှာ ဘိုလစ်ဗီးယားနိုင်ငံထဲက (၃၉) ရက်ကြာတဲ့ပျောက်ကြားဘဝတွေကိုချယ်မှုန်းထားတယ်။
ဒါရိုက်တာရဲ့အဖြတ်အတောက်ကမဆိုးဘူးလို့ဆိုရမယ်။ ပထမပိုင်းမှာ- ၁၉၆၄ ကုလသမဂ္ဂအထွေထွေညီလာခံမှာတက်ရောက်ပြောကြားခဲ့တဲ့ ချေဂွေဘားရားရဲ့မိန့်ခွန်းနဲ့စဖွင့်ခဲ့သလို၊
ကျူးဘားတော်လှန်ရေးအပြီးယွှင်အစိုးရပိုင်ကားတွေကို ကိုယ်ပိုင်ပစ္စည်းလိုသဘောထားပြီးလုယက်အနိုင်ပိုင်းချင်စိတ်ရှိတဲ့အကျင့်ပျက်တော်လှန်ရေးသမားတချို့ကို "
မင်းတို့ယူလာတဲ့ကားကိုပြန်ထားစမ်း" ဆိုပြီး စည်းကမ်းရှိတဲ့တော်လှန်ရေးနဲ့အကြမ်းဖက်မှုကြားကလိုင်းကိုစည်းတားပြရင်းဇာတ်သိမ်းထားတယ်။

ဒုတိယပိုင်း ဘိုလစ်ဗီးယားတော်လှန်ရေးကာလမှာတော့ "ချေ" ရဲ့လူထုအပေါ်သဘောထား၊ တော်လှန်ရေးအပေါ်သဘောထားတွေကိုခင်းကျင်းထားတယ်။
ဥပမာ-လူထုထဲကနေပစ္စည်းတခုခုယူတဲ့အခါတန်ရာတန်ကြေးပေးရတယ် ဆိုတာမျိုးတွေကိုဖောင်းပေးဖေါ်ပြထားသလို၊ လူထုအတွက် ဆေးဝါးကုသခွင့်ရရေး၊
စာသင်ကြားနိုင်ရေးအတွက် သူတို့တော်လှန်ရေးလုပ်နေတာဖြစ်ကြောင်းကိုပေါ်လွင်အောင်ရိုက်တယ်။ အမေရိကန်ပညာတတ်တွေကြားမှာ-ချေဂွေဘားရားကိုစိတ်ဝင်စားတဲ့
အကြောင်းအရာနှစ်ခုရှိတယ်လို့ထင်တယ်။ တခုက-"ချေ" ရဲ့ပျောက်ကြားစစ်ကိုစိတ်ဝင်စားတယ်။ နောက်တခုက အမေရိကန်တွေကိုယ်တိုင်လူထုအတွက်ဆေးဝါးကုသခွင့်ရရေး၊
စာသင်ကြားနိုင်ရေးဆိုတဲ့ခေါင်းစဉ်တွေကိုဦးစားပေးလုပ်နေကြလို့ပဲဖြစ်တယ်။
(ဒီကနေ့အမေရိကန်သမ္မတဘာရက်အိုဘားမားရဲ့ ဒီမိုကရက်တစ်ပါတီက ပြည်သူတွေအတွက်ဦးစားပေးလုပ်နေတာကလည်းအဲ့ဒါတွေပဲမို့လား။ )

<u>တကယ်တော့ "ချေဂွေဘားရား" ကကျနော်တို့မျိုးဆက်တွေကိုပေးခဲ့တဲ့လက်ဆောင်တခုရှိတယ်။</u>
<u>အဲ့ဒါကတော့ နိုင်ငံတကာမှာဖိနှိပ်ခံနေရတဲ့သူတွေဘက်ကအမြဲတမ်းရပ်တည်တိုက်ပွဲဝင်ခဲ့တဲ့သူ့ရဲ့ရပ်တည်ချက်ပဲဖြစ်တယ်။</u>
ဒီလိုနဲ့-အဖိနှိပ်ခံပြည်သူတွေကိုလိုက်လံဆေးကုပေးခဲ့သူ ဒေါက်တာနော်မန်ဘက်သွန်းကိုချယ်မှုန်းထားတဲ့ "နှလုံးလှဆရာဝန်" ကိုကြိုက်ခဲ့ကြတယ်။
ဒီလိုနဲ့-နိုင်ငံတကာမှာဖြစ်ပျက်နေတဲ့ပြဿနာတွေထဲကိုကျနော်တို့ဝင်ခံစားကြတယ်။
မလင်းပြာ-
ငါ-ရှိဒေးရှားကိုသွားမယ်။
အဲ့ဒီမှာလူဖြူတစုကမတရားအုပ်ချုပ်မင်းလုပ်--"
စတဲ့-တိုက်ပွဲဝင်ကဗျာတွေ-
မိုးဝေမဂ္ဂဇင်းထဲကတိုက်သုံးတိုက်ကစာတွေကိုဖတ်ခဲ့ကြတယ်။ ကြိုက်ခဲ့ကြတယ်။
ကိုယ်ကနိုင်ငံသေးသေးလေးမှာနေနေခဲ့ပေမဲ့၊ စိတ်ကူးတွေက ကျယ်ပြန့်နေတဲ့ကောင်းကင်ထဲမှာပျံနေခဲ့ဘူးတယ်။ လူထုတိုက်ပွဲတွေထဲမှာအသင့်ဖြစ်နေတယ်။
ခုတော့- ရှိဒေးရှားဒေသလို့ခေါ်ခဲ့တဲ့ ဇင်ဘာတွေနိုင်ငံမှာ တခါတုံးက လူဖြူတွေရဲ့ကျူးကျော်စော်ကားမှုတွေကို ပြင်းပြင်းထန်ထန်ပုန်ကန်လာတဲ့၊မျိုးချစ်သူရဲကောင်း
"ရောဘတ်မူဂါဘီ" ဆိုတဲ့လူလည်းဖြစ်ချင်ရာဖြစ်နေတော့တယ်။ ပြည်သူအပေါ်၊ အတိုက်အခံတွေအပေါ်မဟုတ်တယုတ်နှိပ်စက်နေတဲ့
သူ့ရဲ့အကြံအစည်တွေကိုနားနဲ့မဆန့်အောင်ကြားနေရတယ်။

## အာဏာရှင်နိုင်ငံတွေကလာခဲ့သူများရဲ့ပြဿနာ

၂၀၀၃ အီရတ်စစ်ပွဲမတိုင်ခင်တုံးက စာသင်ခန်းထဲကဖြစ်ရပ်တခုကိုသွားသတိယမိတယ်။ အဲ့ဒီတုံးကအီရတ်စစ်ပွဲဆင်နွှဲတာမှားသလားမှန်သလားဆိုတဲ့ သုတေသန
စာတမ်းတစောင်ကိုကျောင်းသားတွေတော်နေတော်များများရေးရတယ်။ စာတမ်းတွေမရေးခင်မှာပါမောက္ခကကျနော်တို့ကြားမှာငြင်းခုန်ပွဲတွေအများကြီးလုပ်ပေးခဲ့တယ်။
တချို့က "ဒစ်ချင်နီ"၊ "သမ္မတရောင်" တို့ရဲ့ ၁၉၈၀ အီရန်၊အီရတ်စစ်ပွဲပါဝင်ပတ်သက်မှုတွေထောက်ပြကြသလို၊ တချို့ကလည်း ဆဒမ်ဟူစိန်ရဲ့
အရှေ့အလယ်ပိုင်းတည်ငြိမ်ရေးအတွက်အန္တရာယ်တွေကိုတင်ပြကြတယ်။

ကျနော်တို့အာရှကလာတဲ့ကျောင်းသားတချို့ ကို ပါမောက္ခ က " အီရတ်စစ်ပွဲဆင်နွှဲမှုများသည်" ဆိုတဲ့ဘက်ကငြင်းခုန်ဖို့နေရာချပေးလိုက်တယ်။ ဒါပေမဲ့ကျနော်တို့ငြိမ်နေကြတယ်။
ကိုယ်ထင်တာတွေကိုမပြောရဲကြဘူး။ ကိုယ်က အမေရိကန်ပြည်ထောင်စုမှာ နိုင်ငံရေးခိုလှုံခွင့်ယူနေထိုင်နေရတယ်။
အမေရိကန်ပြည်ထောင်စုကိုမကောင်းပြောရင်ကိုယ့်အတွက်အန္တရာယ်ရှိနိုင်တယ်။...စတဲ့....စတဲ့အတွေးတွေနဲ့လိမ်လိမ်မာမာနေချင်တာလည်းပါတယ်။

ဒါပေမဲ့သမိုင်းပါမောက္ခက သိချင်တယ်။ ကျနော်တို့ဘာလို့ငြိမ်သက်နေသလဲဆိုတာ။
ဖွတ်အတင်းမေးတော့မှကျနော်ကပြောလိုက်မိတယ်။ "တချို့ကိစ္စတွေကိုမပြောချင်ဘူး။ ငါတို့အတွက်ဒုက္ခရောက်နိုင်တယ်"လို့ပြောလိုက်မိတော့၊ သူက ခဏငြိမ်သွားတယ်။
နောက်မှကျနော်တို့ကိုသူ့ရဲ့ရုံးခန်းကိုခေါ်ပြီးဆွေးနွေးတယ်။ <u>အာဏာရှင်နိုင်ငံကလာတဲ့သူတွေရဲ့စိတ်ရောဂါကိုသူသဘောပေါက်သွားပုံရတယ်။</u>

<u>"အမေရိကန်အခြေခံဥပဒေထဲမှာ လွတ်လပ်စွာပြောဆိုခွင့်ဆိုတဲ့အချက်ဟာ အမေရိကန်နိုင်ငံသားတွေအတွက်တင်မဟုတ်ပါဘူး။ လူတိုင်းအတွက်ပါ။
တကယ်လို့မင်းတို့ရဲ့လွတ်လပ်စွာပြောဆိုခွင့်ကို တစုံတယောက်ကလာရောက်ထိပါးမယ်ဆိုရင်ကိုယ်ကိုယ်တိုင်မင်းတို့ဘက်ကတိုက်ပွဲဝင်မယ်။ မင်းတို့ဆွေးနွေးမှု၊
နိုင်ငံတကာကျောင်းသားတွေဆီက အသံကို အမေရိကန်ပြည်ထောင်စုကကြားရမှာပေါ့။ အမေရိကန်ပြည်ထောင်စုမှာနေနေတဲ့အခိုက်မှာတစုံတရာဖြန့်ဖြူးမှုဝေသွားစမ်းပါ"</u> တဲ့

သူပြောသလိုပါပဲ၊ အမေရိကန်စာသင်ခန်းတွေက သူများရဲ့အတွေးအခေါ်တွေ၊ ငြင်းခုန်မှုတွေကိုလေးလေးစားစားနားထောင်တယ်။
လူတွေဘာလို့ဒီလိုတွေးနေတယ်ဆိုတာကိုပြန်လည်စဉ်းစားသုံးသပ်ကြတယ်။ အမေရိကန်ဒီမိုကရေစီဆိုတာအဲ့သလိုမျိုးပါ။ ပြည်စုံအပြစ်ကင်းတဲ့စံနစ်တခုမဟုတ်ပေမဲ့၊
လူတွေကိုတန်ဘိုးထားပါတယ်။ ကိုယ့်အယူအဆကိုထုတ်ဖေါ်ပြသလို့၊ သံချပ်ကာကားနဲ့တက်ကြိတ်တဲ့အဖြစ်မျိုးရှိပါဘူး။
အာဏာရှင်နိုင်ငံတွေကလို
" ဒီကောင်လေးရဲ့ပြောနေတာတွေက ငါတို့ကိုထိခိုက်တယ်။ ပြောခွင့်ရတုံးပြောထားပေ့ါကွာ။ တကွေ့ကွေ့မှာကြုံလို့ကတော့အသေသတ်ပစ်လိုက်အုံးမယ်"
ဆိုတဲ့တိတ်တဆိတ်ကြံစည်မှုတွေ၊ အငြိုးအတေးထားမှုတွေမရှိဘူး။

## စာတမ်းကောင်းတစောင်ဆိုတာ

စာပေလွတ်လပ်ခွင့်ရှိတဲ့နိုင်ငံတွေဆီက အက်ဆေးကောင်းတပုဒ်၊ စာတမ်းကောင်းတစောင်ဆိုတဲ့အဓိပ္ပါယ်သတ်မှတ်ချက်ကိုတလက်စတည်းဆွေးနွေးကြည့်ချင်ပါတယ်။
စာတမ်းတစောင်ရေးတော့မယ်ဆိုရင်၊ အားကောင်းတဲ့အချက်၊အားနည်းတဲ့အချက် နှစ်ခုလုံးကိုတင်ပြရပါတယ်။
ဥပမာ- အရှေ့အလယ်ပိုင်း၊ အာရှ၊ လက်တင်အမေရိက၊ အာဖရိကမှာအမေရိကန်ပြည်ထောင်စုရဲ့နိုင်ငံခြားရေးရာမူဝါဒတွေကိုရေးမယ်ဆိုရင်၊ စစ်အေးတိုက်ပွဲအတွင်းစီအိုင်အေရဲ့
လက်ယာအာဏာရှင်တွေအာဏာရလာအောင်ကြိုးပမ်းမှုတွေကိုရေးရသလို၊ပြည်သူ့လွတ်မြောက်ရေးတိုက်ပွဲတွေကိုပံ့ပိုးကူညီတဲ့၊
ဒီမိုကရေစီရေးအနစ်သာရတွေကိုပျံ့ပွားအောင်လုပ်တဲ့၊ အမျိုးသားအကျိုးစီးပွားကိုထိပါးလာတဲ့ အန္တရာယ်တွေအကြောင်း၊ ပြည်သူတွေအပေါ်ထားတဲ့စေတနာတွေကိုလည်း
ထည့်ရေးရပါတယ်။ ပြီးမှ-ကိုယ့်ရဲ့အကြံပြုချက်၊ အတွေးအခေါ်တွေကိုထည့်ရေးပြီးအဆုံးသတ်ရပါတယ်။ ထို့အတူပဲ-

တရုတ်ပြည်အကြောင်းကိုရေးမယ်ဆိုရင် ကမ်းရိုးတမ်းဒေသတွေမှာစီးရေးဖွံ့ဖြိုးမှုတွေ ကိုကောင်းတဲ့ဘက်ကရေးနိုင်သလို၊
လယ်သမားတွေသန်းချီပြီးစက်မှုဖုံတွေမှာအလုပ်လာရှာရတဲ့အကြောင်းတွေ၊ တရုတ်ပြည်ဟာ နိုင်ငံတွင်းမှာပဲလူတန်းစားတအားကွာဟပြီး၊ ဆင်းရဲတဲ့ဒေသတွေနဲ့
ချမ်းသာတဲ့ဒေသတွေဟာ နိုင်ငံနှစ်ခုလိုတည်ရှိနေတာတွေ၊လယ်သမားဆန္ဒပြပွဲတွေအကြောင်းကိုလည်းမေးခွန်းထုတ်ရပါတယ်။
တရုတ်ခေါင်းဆောင်တွေပြောနေကြ၊သူတို့ရဲ့တိုင်းပြည်တည်ငြိမ်မှုတွေကိုရေးပြသလို၊ တဘက်မှာတော့တိုင်းပြည်တည်ငြိမ်ရေး၊ ဟန်လူမျိုးကောင်းစားရေး
တခုတည်းသာကြည့်မှုကြောင့် တရုတ်ပြည်ရဲ့နိုင်ငံခြားရေးရာမူဝါဒတွေကို ဝေဖန်သူ၊ ဆန့်ကျင်သူတွေနေရာအနှံ့အပြားမှာများလာနေတာတွေကိုလည်းထည့်ရေးရပါတယ်။
( ဆန့်ကျင်ကန့်ကွက်ကြတယ်ဆိုတာအကြောင်းမဲ့ဖြစ်ပေါ်လာတဲ့အရာမဟုတ်ဘူးဆိုတာသဘောပေါက်ဖို့သင့်ပါတယ်။)





အာဏာရှင်နိုင်ငံတွေရဲ့ဝါဒဖြန့်ချီရေးပုံစံဆန်တဲ့အက်ဆေးတွေ၊ စာတမ်းတွေကိုလေ့လာကြည့်လိုက်တဲ့အခါ၊
ဘက်တဘက်တည်းကစိုးရိမ်မှုတွေသာလွန်ကဲပြီးကျန်တဲ့ဘက်ကိုဖေ့ါရေးလေ့ရှိပါတယ်။ အုပ်စိုးသူလူတန်းစားရဲ့ဘုန်းတော်ဘွဲ့တွေကိုဆက်တိုက်ခြီးကြူးရေးသားတယ်။
ဒီလို အက်ဆေးမျိုးတွေ၊ စာတမ်းမျိုးတွေကိုတော့ ဒီမိုကရေစီနိုင်ငံတွေရဲ့စံအရကြည့်မယ်ဆိုရင်-တင်ပြပုံမညီမျှတဲ့စာတမ်းတွေအဖြစ်သတ်မှတ်လေ့ရှိပါတယ်။

ဒီနေရာမှာတခုသတိထားမိတဲ့ပြည်ပကဗမာအရေးလှုပ်ရှားသူတွေရဲ့စိုးရိမ်မှုတွေကိုပြောပြချင်ပါတယ်။
တချို့က-ကျနော်တို့အတိုက်အခံတွေလုပ်နေတဲ့အလုပ်ဟာ-တရုတ်ပြည်ခေါင်းဆောင်တွေနဲ့ထိပ်တိုက်တွေ့မှာ၊ စိတ်ပြိုငြင်မှာကိုကြောက်နေရှာတယ်။
( မှီခိုနေရတဲ့သူတွေရဲ့စိုးရိမ်မှုကိုနားလည်ပေးလို့ရပါတယ်၊ တချို့ကလည်းလှုပ်ရှားမှုကိုထိခိုက်မှာကြောက်လို့စိုးရိမ်ကြပြီးသတိပေးကြတယ်)။
အမှန်ကထင်သလောက်စိုးရိမ်စရာမလိုဘူးလို့ထင်ပါတယ်။

တကယ်တော့ တရုတ်နိုင်ငံမှာ ရှန်ဟိုင်း နဲ့ ပီကင်း က ပေါ်လစီရေးဆွဲသူတွေဟာပြိုင်ဘက်တွေဖြစ်ကြသလို၊ ဆင်ဟွာတက္ကသိုလ်၊ ပီကင်း၊ ရှန်ဟိုင်းတက္ကသိုလ်တွေက-
ငြိမ်းချမ်းစွာမြင့်မားတိုးတက်ရေးဆိုတဲ့အယူအဆအပေါ်မှာအဓိပ္ပါယ်ဖွင့်ဆိုမှုချင်းမတူကြပါဘူး။ အမေရိကန်ပြည်ထောင်စုက နီယိုကွန်ဆာဗေးတစ်တွေနဲ့အပြိုင်
ကွန်ဆာဗေးတစ်အမာခံ ကွန်မြူနစ်တွေရှိတယ်။ ရီရယ်လစ်နိုင်ငံရေးသမားတွေရှိသလို၊ အမေရိကန်ပြည်ထောင်စုနဲ့အဆင်ပြေပြေနေသွားချင်တဲ့ သဘောထားသင့်တင့်မျှတတဲ့
ပညာတတ်တွေလည်းအများအပြားရှိနေပါတယ်။ သေချာတာတခုက တရုတ်ခေါင်းဆောင်တွေတော်တော်များများက အရင်းရှင်တွေဖြစ်လာကြသလို၊
အမေရိကန်အရင်းရှင်တွေနဲ့နီးနီးကပ်ကပ်အလုပ်လုပ်ချင်သူတွေဖြစ်တယ်။

( ကျနော်တို့ မကြာခင်မှာတင်ပြမဲ့ Comparative Politics လို့ခေါ်တဲ့ စာတမ်းမှာ နိုင်ငံတွေကိုနှိုင်းယှဉ်ပြသွားပါမယ်။ )

## အပြည်အပြည်ဆိုင်ရာလုံခြုံရေးလော၊ အမျိုးသားအကျိုးစီးပွားလုံခြုံရေးလော

နိုင်ငံတွေရဲ့ပြဿနာတွေကိုချဉ်းကပ်လေ့လာတဲ့အခါ၊ ကိုယ်ကဘယ်လိုချဉ်းကပ်မှုမျိုးနဲ့လေ့လာမလဲဆိုတဲ့မေးခွန်းကိုအရင်စတင်မေးရပါလိမ့်မယ်။
ဥပမာ-နိုင်ငံရေးကိုလက်တွေ့ကျကျသုံးသပ်သူတွေက နိုင်ငံတကာနိုင်ငံရေးဇာတ်ခုံဆိုတာ နိုင်ငံတကာအစိုးရတရပ်မရှိတဲ့ပရမ်းပတာလူ့အဖွဲ့အစည်းဖြစ်တယ်။
နိုင်ငံတိုင်းဟာ ကိုယ့်နိုင်ငံရဲ့လုံခြုံရေး၊ အမျိုးသားအကျိုးစီးပွားကိုသာဦးစားပေးလုပ်ဆောင်ကြတယ်။ ဒါကြောင့် မဟာဗျူဟာရေးဆွဲတဲ့သူတွေဟာ National Security လို့ခေါ်တဲ့
နိုင်ငံတော်လုံခြုံရေးရှုထောင့်ကနေကြည့်ပြီးရေးဆွဲရမယ်လို့နားလည်းကြတယ်။ International Security လို့ခေါ်တဲ့အမြင်ကိုများသောအားဖြင့်အင်အားကြီးနိုင်ငံတွေက
လိုရင်လိုသလိုသုံးစွဲလေ့ရှိပါတယ်။ နိုင်ငံတကာလုံခြုံရေးရှုထောင့်ကနေကြည့်မယ်ဆိုရင်တော့
အင်အားကြီးနိုင်ငံတွေရဲ့ကုလသမဂ္ဂကိုလွှမ်းမိုးဆွေးနွေးပွဲတွေကသာဆုံးဖြတ်သွားမှာဖြစ်တယ်။
နိုင်ငံတကာလုံခြုံရေးရှုထောင့်ကနေကြည့်ရင်၊နိုင်ငံငယ်တွေအတွက်နေရာရှိရဲ့လားဆိုတဲ့မေးခွန်းကိုသံသယနဲ့မေးလာသူတွေတစထက်တစများလာတာကိုတွေ့ရတယ်။
နိုင်ငံတကာလုံခြုံရေးရှုထောင့်မှာလည်းပြဿနာတချို့ရှိနေသေးပါတယ်။
"ကမ္ဘာကြီးပူနွေးလာပြီ၊ စွမ်းအင်ထုတ်လုပ်မှုကြောင့်ညစ်ညမ်းလာတဲ့လေထုကိုအများဆုံးထုတ်လုပ်တဲ့သူဟာတရုတ်နိုင်ငံဖြစ်တယ်။ ဒါကြောင့် ကျနော်တို့ဟာ စွမ်းအင်သုံးစွဲမှုတွေ
ကိုလျော့ချပြီးကမ္ဘာကြီးဒီထက်ပူနွေးမလာအောင်ထိန်းသိမ်းရမယ်" လို့အမေရိကန်ပြည်ထောင်စုရဲ့သိပ္ပံပညာရှင်တွေကပြောလိုက်တော့၊ တရုတ်နိုင်ငံကသိပ္ပံပညာရှင်တွေက
"ဘယ်ရမလဲ၊ မင်းတို့အမေရိကန်ပြည်ထောင်စုက တိုင်းပြည်တိုးတက်ဖို့အတွက်စွမ်းအင်တွေကိုသုံးချင်သလောက်သုံး၊ အားရတော့မှငါတို့ကိုမသုံးတော့နဲ့လို့ပြောလို့ဘယ်ဖြစ်မလဲ၊
ငါတို့လည်းတရုတ်ပြည်တိုးတက်အောင်လုပ်ပါရစေအုံး၊" လို့ပြန်တုံ့ပြန်လေ့ရှိကြတယ်။
ကမ္ဘာကြီးပူနွေးလာတာဘယ်သူ့အပြစ်လဲဆိုတဲ့မေးခွန်းကိုစဉ်းစားကြရင်းနိုင်ငံတကာလုံခြုံရေးကိုချဉ်းကပ်ကြတဲ့အခါ ဘက်တဘက်ခြင်းဆီဟာ
သူ့နိုင်ငံရဲ့အကျိုးစီးပွားအတွက်ရပ်တည်ကြတာပါ။ ဒါကြောင့် နိုင်ငံအသီးသီးကခေါင်းဆောင်တိုင်းဟာနိုင်ငံတော်လုံခြုံရေး ( National Security) ရှုထောင့်ကနေရပ်တည်ပြီး
ဒေသတွင်း နဲ့ ကမ္ဘာ့ဇာတ်ခုံမှာ-ဩဇာလွှမ်းမိုးရေးကိုဖြေရှင်းကြခြင်းဖြစ်တယ်။

National Security နဲ့ International Security အမြင်နှစ်ရပ်ဟာမတူပါဘူး။ အောက်မှာဖေါ်ပြတဲ့အသံတွေကိုအမျိုးအစားခွဲကြည့်ရအောင်။
"ဗမာစစ်တပ်ကိုလည်းလက်နက်ရောင်းနေတဲ့၊ ဝစစ်တပ်ကိုလည်းလက်နက်ရောင်းနေတဲ့တရုတ်ပြည်ကိုသူ့ရဲ့နိုင်ငံတည်ငြိမ်မှု
အတွက်ကြိုးပမ်းအားထုတ်မှုကိုနားလည်ပေးလိုက်ကြပါ။" "သူကလူဦးရေဘီလျံနဲ့ချီရှိနေတာမို့လား။-"
"ကျောက်ဖြူကျွန်းဟာသူတို့ရဲ့လောင်စာစွမ်းအင်အတွက်အရေးကြီးတဲ့အချက်အချာဖြစ်နေလို့ပါ"
" ဗမာပြည်ကစစ်တပ်ကလည်းတရုတ်ပြည်ကိုထိရင်လုံးဝမရဘူးဗျ၊" "တရုတ်ရဲ့သဘာဝစွမ်းအင်အရင်းအမြစ်တွေရှာဖွေမှုကိုနားလည်နိုင်ရင်၊
အမေရိကန်တွေရဲ့အီရတ်စစ်ပွဲကိုလည်းနားလည်လိုက်ပေ့ါ"
" အီရန်၊ မြောက်ကိုရီးယားရဲ့နျူကလီးယားစီမံကိန်းဟာ နိုင်ငံတကာလုံခြုံရေးကိုထိပါးနေတယ်"
"ဗမာစစ်အစိုးရကသူ့ရဲ့ပြည်သူကိုဘယ်လောက်ပဲသတ်သတ်၊ ဗမာပြည်တွင်းကစီးပွားရေးတွေကိုငါတို့လွှမ်းမိုးထားနိုင်ဖို့ကအဓိက"

## ဝေဖန်ထောက်ပြမှု၊ စစ်ပွဲကြေငြာမှု နှင့် မိတ်ဆွေစည်းမျဉ်းစည်းကမ်းများ

တကယ်တော့တရုတ်နိုင်ငံအပါအဝင်-အိမ်နီးချင်းနိုင်ငံတွေကိုနားလည်မှုပေးခဲ့တာ ဆယ်စုနှစ် (၂) စုကျော်သွားပါပြီ။ လွန်ခဲ့တဲ့အနှစ် (၂၀) ကျော်နိုင်ငံရေးစလုပ်ခါစတုံးက
သူတို့တတွေနဲ့အဆင်ပြေချင်လွန်းလို့ပြည်တွင်းအားသာအဓိက၊ လူထုလှုပ်ရှားမှုအားကောင်းလာရင်နိုင်ငံတွေကထောက်ခံလာမယ် ဆိုတဲ့အတွေးတွေယုံကြည်ခဲ့တယ်။

၁၉၈၈ အရေးတော်ပုံ၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်၊ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး၊
လူထုကစစ်အစိုးရကိုမကြိုက်ကြောင်း၊ အိမ်နီးချင်းနိုင်ငံတွေနားလည်ဖို့နောက်ထပ်လူဘယ်နှစ်ယောက်လောက်အသေခံပြီးပြရမှာလဲ။
ဘိန်းဘုရင်တွေ၊ ငြိမ်းချမ်းရေးတပ်ဖွဲ့ စီးပွားရေးလာလုပ်တဲ့ခါးပြဂိုဏ်းတွေ၊ စီးပွားရေးတခုတည်းသာကြည့်ပြီး နိုင်ငံရေးအယူအဆပေါ်မှာသစ္စာဖောက်ခဲ့တဲ့
အိမ်နည်းချင်းမပီသတဲ့နိုင်ငံတွေကြောင့်ကျနော်တို့မြို့တွေလည်းဖွတ်ဖွတ်ညက်ညက်ကျေသွားခဲ့ရတယ်။ ဒါကြောင့်မို့ မျိုးဆက်သစ်လူငယ်တွေက ဆက်ဆံရေးနည်းသစ်တခုကို
စတင်စဉ်းစားလာခဲ့ကြတယ်။ အခင်အမင်မပျက်ချင်တာကြောင့်ဘာပဲလုပ်လုပ်ငြိမ်ခံနေကြတဲ့ဘဝမျိုးကနေ၊ တရုတ်ပြည်ရဲ့နိုင်ငံခြားရေးရာမူဝါဒတွေကိုဖွင့်ပြီးဝေဖန်တဲ့
အရာတွေကိုလုပ်လာခဲ့ကြတယ်။ တကယ်တော့ တရုတ်ပြည်ဟာ သူ့ကိုပြင်ပနိုင်ငံတခုကအင်အားသုံးအကျပ်ကိုင်တာကိုလက်မခံပေမဲ့ မျိုးဆက်သစ်ခေါင်းဆောင်တွေရဲ့
ဝေဖန်မှုကိုတော့အလေးထားတတ်ပါတယ်။ ဒါကြောင့် အနားကနေဖျောင်းဖျနားချနေတဲ့ ဒစ်ပလိုမေစီသမားတွေလိုအပ်သလို၊
အပြင်ကနေ နိုင်ငံခြားရေးမူဝါဒကိုဝေဖန်တဲ့လူငယ်တွေလည်းလိုအပ်ပါတယ်။
ကျနော်တို့ကတော့ ဝေဖန်ထောက်ပြတဲ့နည်းကိုသုံးပါတယ်။
ကျနော်တို့နဲ့ချဉ်းကပ်ပုံမတူသောသူများကိုအပြစ်မပြောပါ၊ လူတိုင်းကိုယ်ယုံကြည်သလိုပျံသန်းခွင့်ရှိပါတယ်။
ဝေဖန်တဲ့နည်းနဲ့ချဉ်းကပ်နေသူတွေကိုအပြစ်လာတင်မယ်ဆိုရင်၊ လူတိုင်းမှာအချက်အလက်တွေ၊ သမိုင်းဆိုင်ရာအဖြစ်အပျက်တွေ၊ အတွေးအခေါ်တွေကိုယ်စီရှိတယ်ဆိုတာ
ကိုတော့နားလည်သဘောပေါက်စေချင်ပါတယ်။ဝေဖန်တယ်ဆိုတာဗမာပြည်သူထုထုရဲ့တိုက်ပွဲကိုနီးကပ်စေချင်လို့ပါ။ စစ်မျက်နှာသစ်ကြွေးကြော်နေတာမဟုတ်ပါဘူး။

## ယုံကြည်မှုများရဲ့နောက်ကွယ်မှာ.....

ကျနော်တို့ထဲမှာ- အာရှဒေသ၊ ဥရောပဒေသတွေ ကိုအထူးပြုပြီးလေ့လာတဲ့နိုင်ငံရေးသိပ္ပံကျောင်းသားတွေရှိပါတယ်။
တချို့ဆိုအမေရိကားရောက်မှတရုတ်စာသင်ကြရတယ်။ တရုတ်ကြီးနဲ့ရေရှည်ဆက်ဆံချင်လို့။
တရုတ်ပြည်ရဲ့နိုင်ငံရေးယဉ်ကျေးမှုကဘာလဲ။ အတိတ်ရဲ့ရိုက်ခပ်မှု နဲ့ လတ်တလောစိုးရိမ်မှုကဘာလဲ။
တရုတ်နိုင်ငံရေးခေါင်းဆောင်တွေကြားကပေါင်းကူးဆက်ဆံမှုတွေကဘယ်လိုလဲ-အစိုးရယန္တရားကိုဘယ်လိုလည်ပတ်သလဲ-စတဲ့အရာတွေကိုအသေးစိတ်လေ့လာကြပါတယ်။
တရုတ်ပြည်ခေါင်းဆောင်တွေကိုလေ့လာတဲ့အခါ၊ကွန်ဆာဗေးတစ်အမာခံတွေသာမကဘူး။ သင့်တင့်မျှတတဲ့သဘောထားရှိသူတွေလည်းတပုံကြီးရှိနေပါတယ်။

ဥပမာ-တီယင်မင်ရင်ပြင်ကျောင်းသားလှုပ်ရှားမှုကို နိုင်ငံတကာကဝေဖန်တဲ့အခါ၊ အလယ်အလတ်ကနေဖြေရှင်းတဲ့အစိုးရကလွှတ်တဲ့ပညာတတ်တွေအများကြီးရှိပါတယ်။
သူတို့က-"ဟုတ်တယ်-အဲ့ဒီကာလတုံးကအစိုးရဖြေရှင်းပုံကကြမ်းတမ်းလွန်းတယ်။ ဒါပေမဲ့ အနောက်တိုင်းမီဒီယာတွေမှာပြောနေသလောက်လည်းလူအသေအပျောက်မရှိခဲ့ပါဘူး"
ဆိုတာမျိုး၊ တီယင်မင်ရင်ပြင်ကျောင်းသားလှုပ်ရှားမှုနဲ့တရုတ်ပြည်အနာဂတ်အကြောင်းဆွေးနွေးတဲ့၊ ကောနဲလ်၊ ဂျော့တောင်း၊ ရေးလ်၊ဟားဗတ်တက္ကသိုလ်ကပွဲတွေမှာဆိုရင်-
တရုတ်အစိုးရဘက်ကကျောင်းသားတွေလည်းအပြန်အလှန်ဆွေးနွေးကြတာပဲ။ နိုင်ငံတကာကိုစာလာသင်ပြီဆိုရင်-တရုတ်အစိုးရဘက်ကကျောင်းသားတွေကလည်း
ပီကင်းမှာနိမ်နင်းသလိုမျိုး၊ အစိုးရရဲ့အမျက်တော်ရှနေသလိုမျိုးလုပ်လို့မရပါဘူး။ ငြင်းခုန်ပွဲကို အဆင်ပြေအောင်ဆွေးနွေးရပါတယ်။
ကြေလည်အောင်ဖြေရှင်းရပါတယ်။

## တိဘက်အရေး

တိဘက်လှုပ်ရှားမှုကိုပြောတိုင်းကျနော့်မှာဘယ်တော့မှမေ့လို့မရတဲ့အဖြစ်အပျက်တခုရှိပါတယ်။ ဒီအဖြစ်အပျက်ကကျနော့ရဲ့လှုပ်ရှားမှု့ကိုပိုမိုယုံကြည်စေခဲ့တယ်။
မတရားမှုကိုခိုင်ခိုင်မာမာထောက်ပြရဲတဲ့စိတ်တွေကိုပိုမိုတွန်းအားပေးစေခဲ့တယ်။ အဖြစ်အပျက်ကိုအကြမ်းဖျင်းပြောပြချင်ပါတယ်။
နိုင်ငံတကာကျောင်းသားသမဂ္ဂတွေထဲမှာဝင်ရောက်လှုပ်ရှားပြီဆိုရင်၊ ထိပ်တိုက်တွေ့စေတဲ့ဖြစ်ရပ်တွေကိုကြုံရပါလိမ့်မယ်။ အထူးသဖြင့် တိဘက်ကိစ္စပါ။
အာရှကျောင်းသားများအဖွဲ့အစည်းမှာဝင်လုပ်ပြီဆိုရင်အဲ့ဒီပြဿနာကပထမဆုံးစပြီးဖြေရှင်းရပါတော့တယ်။
အိုကီနာဝါကလာတက်တဲ့ဂျပန်ကျောင်းသူကျောင်းသားတွေနဲ့ တိုကျို လိုမြို့ကြီးတွေကလာတက်တဲ့ကျောင်းသူကျောင်းသားတွေရဲ့ကိုယ်စားလှယ်အငြင်းပွားမှုကလည်း
တမျိုးကိုင်တွယ်ရပါတယ်။ တိဘက်ကိစ္စကိုစပြောကြည့်ရအောင်။ကျနော်-ပထမဆုံးစတာဝန်ယူတဲ့ အာရှကျောင်းသားအဖွဲ့အစည်းတွေရဲ့အစည်းအဝေးမှာ
ပြဿနာကစတင်ခဲ့တယ်။ ကျနော်တို့အဖွဲ့အစည်းမှာ-သူနာပြု ( Nursing) ပရိုဂရမ်ကိုတက်နေတဲ့၊တိဘက်ကကျောင်းသူတွေကလည်းတက်တက်ကြွကြွလုပ်ကိုင်ကြသလို၊
စီးပွားရေးနဲ့လူထုဆက်သွယ်ရေး ( Economics and Mass Media) ပရိုဂရမ်ကိုတက်နေတဲ့ တရုတ်၊ ဂျပန်၊ ထိုင်ဝမ်၊ဟောင်ကောင်ကကျောင်းသူကျောင်းသားတွေကလည်း
တက်တက်ကြွကြွလုပ်ကိုင်ကြတယ်။ ဖြစ်ချင်တော့-နိုင်ငံတကာကျောင်းသားကျောင်းသူတွေရဲ့ယဉ်ကျေးမှုဈေးရောင်းပွဲတွေ၊ ကပွဲတွေမှာဝင်ရောက်ပူးပေါင်းပါဝင်ကြတဲ့အခါ၊
ပြဿနာကိုသယ်လာသူတွေရှိပါတယ်။ အဲ့ဒီတုံးက-ကျနော်က တိဘက်ကကျောင်းသူတွေအတွက်ဈေးရောင်းဖို့နေရာတနေရာစီစဉ်ပေးထားတယ်။
သူတို့ရဲ့အလံကိုတင်ပေးထားတယ်။
တရုတ်ကျောင်းသူကျောင်းသားတော်တော်များများကအေးအေးဆေးဆေးပါ။ တိဘက်ကကျောင်းသူတွေနဲ့ချစ်ချစ်ခင်ခင်ပါပဲ။
အာရှကျောင်းသူကျောင်းသားတွေရဲ့အဖွဲ့အစည်းဟာကျနော်တို့ရဲ့ယဉ်ကျေးမှု၊ ရိုးရာတွေကိုဘယ်လောက်တန်ဘိုးထားတယ်ဆိုတာ
သူတို့သိနေတဲ့အတွက်ဒီအဖွဲ့မှာအားကိုးတကြီးပါဝင်ကြခြင်းဖြစ်တယ်။

အေးအေးဆေးဆေးမနေတဲ့ကျောင်းသူတယောက်ကတော့ရှိပါတယ်။ သူမကဘယ်တုံးကမှလည်းအဖွဲ့အစည်းမှာတက်တက်ကြွကြွမပါဝင်ခဲ့ဘူး။
ဒါပေမဲ့ပြဿနာလုပ်ဖို့ကြတော့တက်ကြွပါတယ်။ တိဘက်ကိုနင်တို့ကဘာလို့သီးခြားနေရာပေးရတာလဲ၊တရုတ်နိုင်ငံသမိုင်းကိုနင်တို့ကသိလို့လား-
ဘာညာဆိုပြီးပြဿနာရှာပါတော့တယ်။ တရုတ်ကျောင်းသူ၊ကျောင်းသားတွေကသူမရဲ့မောက်မာမှုကိုစိတ်ပျက်ကြတယ်။ အားနာကြတယ်။ရှောင်ထွက်သွားကြတယ်။

ဒါပေမဲ့ရှောင်မထွက်တဲ့ကျောင်းသူကျောင်းသားတွေရှိပါတယ်။ ကျနော်တို့အုပ်စုတွေထဲမှာတချို့က အာရှဒေသဆိုင်ရာ ( အထူးသဖြင့် တရုတ်နိုင်ငံ) နိုင်ငံရေးကိုသင်ကြားနေတဲ့သူတွေ၊ သမိုင်းဘာသာရပ်အထူးပြုကျောင်းသူ၊ ကျောင်းသားတွေပါဝင်ပါတယ်။ သူတို့ကရှင်းပြတယ်။
"ချင်" မင်းဆက်မတိုင်ခင်ရာစုနှစ်တွေနဲ့ ချင်မင်းဆက်ပြုတ်ကျပြီးရာစုနှစ်တွေရဲ့သမိုင်းတွေကိုဖတ်မယ်ဆိုရင်ဘက်နှစ်ဘက်လုံးကရေးထားတဲ့သမိုင်းတွေဟာကွဲနေတယ်။ အဲ့ဒီကွဲပြားနေမှုကိုဆက်စပ်ပြပါ။ ဘာလို့ကွဲနေတာလဲလို့မေးခွန်းထုတ်တော့သူမှာတိကျရေရာတဲ့သမိုင်းဆိုင်ရာအချက်အလက်တွေမရှိပါဘူး။
ကျနော်တို့ကလည်းဒီအဖွဲ့အစည်းဟာအာရှသားတွေသူများတိုင်းပြည်မှာ-မျက်နှာမငယ်အောင်ဖွဲ့ထားတဲ့လူမှုရေးအဖွဲ့အစည်းဖြစ်တယ်။
အားလုံးတက်တက်ကြွကြွ၊ စိတ်ချမ်းသာသာပါဝင်နိုင်အောင်ရည်ရွယ်ထားတဲ့အဖွဲ့အစည်းဖြစ်တယ်။ ဘာရည်ရွယ်ချက်မှမရှိဘူး။ ဒါကိုလည်းနားလည်စေချင်ပါတယ်လို့ရှင်းပြတယ်။
သူက လူရှေ့မှာတော့အေးအေးဆေးဆေးပြန်သွားတယ်။ ( တရုတ်ကျောင်းသူ၊ကျောင်းသားတွေကအစသူ့ကိုပြန်ဆန့်ကျင်နေတာကိုး)။ ဒါပေမဲ့မရပ်ပါဘူး။
ကျနော်တို့အဖွဲ့ရဲ့အကြံပေးတာဝန်ကိုယူထားတဲ့ တရုတ်ပါမောက္ခကိုသွားကပ်ပြီးလှုံ့ဆော်တယ်။ တကယ်တော့-တရုတ်ပါမောက္ခကလည်းတိဘက်ဟာတရုတ်ပိုင်ဖြစ်တယ်လို့ ယုံကြည်နေတဲ့သူ။ ပြီးတော့-သူမကပီကင်းမြို့ရဲ့နိုင်ငံရေးခေါင်းဆောင်အသိုင်းအဝိုင်းထဲကဖြစ်တယ်။ဒါပေမဲ့ကျနော်တို့ဘက်ကလည်း ကျနော်တို့ရဲ့ရည်ရွယ်ချက်ကိုလျော့မှာမဟုတ်ဘူးဆိုတာကိုလည်းသဘောပေါက်နေတော့၊ ခေါ်ပြီးဆွေးနွေးတာလောက်ပါပဲ။
သူကပဲအလျှော့ပေးခဲ့တယ်။ သူက ကျနော်တို့နဲ့သဘောမတူပေမဲ့၊သူ့မှာ-အင်မတန်သဘောထားကြီး၊ နူးညံ့တဲ့ကျောင်းဆရာမတယောက်ရဲ့စိတ်ဓါတ်အပြည့်ရှိပါတယ်။
သူများနိုင်ငံမှာ-ကျောင်းသူကျောင်းသားတွေကိုစိတ်ချမ်းချမ်းသာသာနေထိုင်စေချင်တာ။ ကျောင်းသားကျောင်းသူတွေညီညီညွတ်ညွတ်နဲ့ ပညာရေးကိုအောင်မြင်စေချင်တယ်။ နောက်ဆုံးတော့သိတ်မောက်မာလွန်းတဲ့ကျောင်းသူဟာဘေးကိုရောက်သွားတယ်။ ကျနော်တို့ရဲ့ယဉ်ကျေးမှု၊ ရိုးရာကပွဲတွေလည်းပျော်ရွှင်စွာကျင်းပခဲ့တယ်။ တိဘက်အက၊ တရုတ်အက- အလံပေါင်းစုံအောက်မှာကပြခွင့်ရခဲ့တာပါပဲ။ <u>နေရာတိုင်းမှာတုန့်ပြန်မှုမျိုးစုံ၊ မတူညီတဲ့ပြဿနာမျိုးစုံရှိနိုင်ပါတယ်။</u>

တကယ်တော့တိဘက်အရေးကို၊တရုတ်ကျောင်းသားတွေနဲ့တိဘက်ကျောင်းသားခေါင်းဆောင်တွေပူးပေါင်းအဖြေရှာနေကြဆဲပဲ။
တက္ကသိုလ်တွေမှာသူတို့ပဲပေါင်းပြီးဦးဆောင်ကျင်းပကြတယ်။ ပါမောက္ခတွေ၊ စိတ်ဝင်စားသူတွေကိုဖိတ်ကြတယ်။
တရုတ်ပြည် ရဲ့ နိုင်ငံခြားရေးရာမူဝါဒကိုဝေဖန်လို့ စိတ်ဆိုးမှာမဟုတ်ပါဘူး။ တရုတ်ပြည်ခေါင်းဆောင်အားလုံးဟာ ကွန်ဆာဗေးတစ်အမာခံကွန်မြူနစ်တွေချည်းမဟုတ်ပါ။ နိုင်ငံတကာကိုရောက်လာတဲ့တရုတ်ပညာတတ်တွေကအစိုးရကသေသေချာချာမောင်းနှင်ထားတဲ့ စက်ကရိယာတွေပါ။
တရုတ်နိုင်ငံအစိုးရကလွှတ်တဲ့ကျောင်းသားတွေဆိုဘယ်လောက်ထိပွင့်ပွင့်လင်းလင်းပြောသလဲဆိုရင်-
" ကိုယ်တို့ကမော်စီတုံးလည်းမကြိုက်ဘူး၊ တိန့်ရှောင်ဖိန်လည်းမကြိုက်ဘူး။ ငွေပဲကြိုက်တယ်၊ စီးပွားရေးလုပ်ငန်းအခွင့်အလမ်းတွေရချင်လို့ကွန်မြူနစ်ပါတီဝင်တာ" တဲ့။

တရုတ်ပြည်မှာ-လူအများစုဖြစ်တဲ့လယ်သမားတွေရဲ့မကျေနပ်မှုတွေ၊ ဒုက္ခတွေကအများကြီးပါ။ မြို့တွေမှာဖြစ်သလိုလာအလုပ်ရှာရင်းကြုံဖန်နေနေရတဲ့အရာတွေဒုနဲ့ဒေးရှိနေသလို၊ တရုတ်အစိုးရဘက်ကလည်း လယ်သမားဆန္ဒပြပွဲတွေကိုခွင့်ပြုသင့်သလောက်ခွင့်ပြုပေးထားတယ်။ ဟောင်ကောင်မှာကျင်းပတဲ့ တီယင်မင်ကျောင်းသားလှုပ်ရှားမှုနှစ်ပတ်လည် အခမ်းအနားတွေကိုချက်ချင်းပိတ်ပင်ပစ်လို့မရသေးပါဘူး။ တရုတ်ပြည်ရဲ့နိုင်ငံရေးယဉ်ကျေးမှုကဖြည်းဖြည်းခြင်းပြောင်းလဲသွားတာပါ။

နိုင်ငံခြားတိုင်းပြည်တခုကသူတို့ကိုဖိအားပေးခြိမ်းခြောက်လို့လည်းမရပါဘူး။ ဒါပေမဲ့ သူတို့ရဲ့နိုင်ငံခြားရေးမူဝါဒတွေကိုတော့ စဉ်းစားနိုင်အောင်အမြဲမပြတ်ဝေဖန်ပေးနေဖို့ လိုပါလိမ့်မယ်။ဒီဝေဖန်မှုတွေက ရှေးရိုးစွဲကွန်ဆာဗေးတစ်အမာခံတွေမဟုတ်တဲ့၊ ပျော့ပြောင်းညှင်သာတဲ့နိုင်ငံရေးသမားတွေကိုစဉ်းစားစေနိုင်ပါလိမ့်မယ်။

## နိဂုံး

ကျနော်တို့ဖြတ်သန်းနေရတဲ့ခေတ်တွေကပြောင်းလဲနေခဲ့ပါတယ်။ စစ်အေးတိုက်ပွဲအဖွင့် ကိုရီးယားစစ်ပွဲမှာ-တရုတ်နိုင်ငံကမြောက်ကိုရီးယားဘက်ကဝင်တိုက်ခဲ့ပေမဲ့၊ လက်ရှိကာလမှာတော့ အမေရိကန်ပြည်ထောင်စုနဲ့လက်တွဲပြီးမြောက်ကိုရီးယားရဲ့နျူကလီးယားစီမံကိန်းတွေကိုဖိအားပေးတယ်။ မြောက်ကိုရီးယားနိုင်ငံကလည်း သားအဖ(၃)ဆက်အုပ်ချုပ်တဲ့ဘုရင်ပိုင်နိုင်ငံတခုလိုဖြစ်လာတယ်။ ဖီဒယ်ကပ်စထရိုကလည်း ညီတော်မောင်ကိုနန်းလွှဲတယ်။

ဒါပေမဲ့မပြောင်းလဲနိုင်တဲ့အရာတခုကတော့ ချေဂွေးဘားရားရဲ့မတရားမှုကိုဆန့်ကျင်တဲ့နိုင်ငံတကာတိုက်ပွဲတွေ၊ ဖိနှိပ်နေတဲ့လူတန်းစားနဲ့ အဖိနှိပ်ခံလူတန်းစားရဲ့ တိုက်ပွဲတွေပါ။လတ်ဆတ်နေသေးတဲ့တော်လှန်ရေးစိတ်ဓါတ်တွေဖြစ်တယ်။ကျနော်တို့ကတော့မနေနိုင်ပါဘူး။
တချို့အရာတွေဟာ ကိုယ့်တိုင်းပြည်ရဲ့အမျိုးသားရေးကိစ္စတခုမဟုတ်ပေမဲ့-
ဂါဇာကမ်းမြောင်မှာ အစ္စရေးနိုင်ငံကအပြစ်မဲ့ပြည်သူတွေအပေါ် ဗုံးကြဲနေရင်၊ တကမ္ဘာလုံးကဆန့်ကျင်ရှုတ်ချတဲ့ဆန္ဒပြပွဲတွေမှာပါဝင်နေအုံးမယ်။
ဆူဒန်၊ ဗမာပြည်၊ ဆော်ဒီ၊ အီဂျစ်နိုင်ငံတွေကိုဆက်ဆံနေတဲ့ကြောင်သူတော်ကြွက်သူခိုးနိုင်ငံခြားရေးမူဝါဒတွေကိုဝေဖန်နေအုံးမယ်။
ဘဝမှာ-ကိုယ်ယုံကြည်ရာဆီကိုပျံသန်းနိုင်ဖို့အတွက်၊ မိသားစုတွေစွန့်ပစ်ပြီး၊ ကိုယ့်ရဲ့ဘဝကိုစံနစ်တကျ ဖျက်ပစ်ခဲ့ကြတယ်။
မိတ်ဆွေတို့လည်း-လွတ်လွတ်လပ်လပ်ပျံသန်းစေချင်ပါတယ်။ ချမ်းမြေ့ကြပါစေ။

---

<u>နယူးယောက်အထက်ပိုင်းဒေသက ကျောင်းသူကျောင်းသားတွေရဲ့ခံစားမှုကို"အောင်မိုးဝင်း" က စာသားထည့်ထားတယ်။</u>
<u>အလိုမတူလည်း နွှေဦးမှာ ပန်းတွေပွင့်နေတဲ့တောင်ကုန်းလေးပေါ်ကနေ၊ ကန်ရေပြင်ကိုဖြစ်ဖြစ်၊ လရောင်ကိုဖြစ်ဖြစ် သေသေချာချာကြည့်ပြီး၊</u>
<u>မာယာကော့ဖ်စကီ ရဲ့ ဘောင်းဘီဝတ်မိုးတိမ် ထဲက"မင်းတို့အချစ်ကြဆုံးပါစေ၊ မင်းတို့လူ့အဖွဲ့အစည်းကျဆုံးပါစေ" ဆိုတဲ့စာသားတွေသာရွတ်ဆိုလိုက်ကြပါတော့။</u>

---

ဗမာပြည်ကပေးစာတစောင်-

" ကိုယ်တို့က ရေနံ ( Petroleum) နဲ့ကျောင်းပြီးတဲ့ အင်ဂျင်နီယာတွေပါကွာ၊ တရုတ်ပြည်ကြီးနိုင်ငံတကာကသဘာဝဓါတ်ငွေ့တွေ၊စွမ်းအင်တွေလိုအပ်နေတယ်ဆိုတာ ၁၉၉၄ ထားဝယ်ကမ်းရိုးတမ်း နဲ့ သဌေးကျွန်းဘက်မှာညလုံးပေါက်နည်းပါးတွင်းတွေတူးပြီးသဘောပေါက်နေခဲ့ရတာပါ။
ကိုကိုးကျွန်းဟာဘာကြောင့်သူတို့အတွက်မဟာဗျူဟာတွက်ချက်ရေးမှာအရေးပါနေတယ်ဆိုတာလည်းကိုယ်တို့ပြည်တွင်းကပညာတတ်တွေကသိပါတယ်။
ကိုယ်တို့နိုင်ငံကမြို့တွေကိုတမြို့ပြီးတမြို့ပေးခဲ့ရတယ်။ စစ်အေးတိုက်ပွဲအပြီးကိုနားလည်မှုပေးခဲ့ရတယ်။ကိုယ်တို့နိုင်ငံကအစိုးရ၊အသုံးမကျတော့ ကြိုက်တဲ့လူလာစီးပွားရေးလုပ်၊ ဘာတတ်နိုင်တော့မှာလဲဆိုပြီးလက်ပိုက်ကြည့်နေရတယ်။
--- ငါတို့လုပ်ရှားမှု့ကြီးကိုဘယ်တော့ကူလာနိုင်တယ်--ဘာညာဆိုတဲ့ခပ်အအခပ်ထူထူအတွေးတွေလည်းပါတော့ပေါ့ကွာ။
လက်တွေ့မှာဘာတွေဖြစ်ခဲ့သလဲဆိုတာမင်းတို့ငါတို့ပြည်တွင်းမှာရပ်ခဲ့ရတဲ့ကောင်တွေကောင်းကောင်းသိပါတယ်။

တရုတ်ပြည်ကြီးကိုထိပ်တိုက်မတွေ့ဖို့ပြောနေတဲ့၊ဖျောင်းဖျနားချနေတဲ့သူတွေကိုတချက်မေးပါရစေအုံး။
တကယ်လို့-တရုတ်ပြည်ကြီးက ကျနော်တို့ရဲ့လှုပ်ရှားမှုကိုထိပ်တိုက်လာတွေ့နေတယ် ဆိုရင်ခင်ဗျားတို့ကရောဘာတွေလုပ်ကြမှာလဲလို့"
ဗမာစစ်တပ်ကိုလည်းလက်နက်ရောင်းတယ်။ တိုင်းရင်းသားလက်နက်ကိုင်တပ်တွေကိုလည်းလက်နက်ရောင်းတယ်။
နိုင်ငံတခုဆီမှာဘက်နှစ်ဘက်ကိုလက်နက်ရောင်းပြီး"နိုင်ငံတော်တည်ငြိမ်ရေးကိုအလိုရှိပါတယ်"လို့ပြောနေတဲ့ သူတွေရဲ့ ကြောင်သူတော်ကြွက်သူခိုးလိုစကားတွေကိုယုံသလား။
ဘယ်သူကထိပ်တိုက်လာတွေ့နေတာလဲ။ တရုတ်တွေရဲ့နိုင်ငံခြားရေးရာပေါ်လစီက ကိုယ်တို့လှုပ်ရှားမှုကိုထိပ်တိုက်လာတွေ့နေတာကိုကျဘာမှမပြောပဲနဲ့၊ ကိုယ့်ဘက်ကလူတွေကိုလာပြီးသတိပေးနေရအောင်၊ အဲ့ဒီလူတွေရှူးများနေကြသလား။

ဟော့ကောင်ရေ-တည်ငြိမ်မှုဆိုတဲ့စကားကို ဗမာပြည်ကစစ်တပ်လည်းပြောနေတာပဲ။
ဟစ်တလာနဲ့မှုဆိုလိုနီလည်းပြောတာပဲ။ ဖိလစ်ပိုင်ကအာဏာရှင်မားကို့စ်လည်းပြောဘူးတာပဲ။ အင်ဒိုနီးရှားကဆူဟာတိုလည်းပြောဘူးတာပဲ။
အခု-အီရန်ကဘာသာရေးခေါင်းဆောင်လည်းပြောနေတာပဲ။
သူများရဲ့တည်ငြိမ်မှုတွေကိုသာလိုက်ပြီးနားလည်ပေးနေရရင်၊ သမိုင်းမှာလွတ်လပ်ရေးလှုပ်ရှားမှုတို့၊ တရားမျှတမှုအတွက်၊လူထုဆန္ဒပြပွဲတွေတို့ဆိုတာပေါ်လာပါ့မလားကွ၊ ကိုယ့်လူမျိုးတွေငတ်နေတာကိုသာနားလည်ပါကွာ။ ကုလားအုပ်ပုံပြင်ကိုလည်းသတိရကြအုံးလို့ပြောလိုက်ပါကွာ"

သူတို့ရဲ့စာကိုဒီလောက်နဲ့ပဲရပ်ထားလိုက်ပါရစေ။ ပြည်ပကလူတွေကို ပြင်းပြင်းထန်ထန်ဝေဖန်ထားတဲ့စာသားတွေပါနေလို့ပါ။
အမှန်က တရုတ်ပြည်အကြောင်းကိုရေးကြီးခွန်ကျယ်လုပ်ပြင်းမနေချင်ပါဘူး။ စစ်အစိုးရက တရုတ်၊ အိန္ဒိယ နိုင်ငံတွေထောက်ခံတာ၊မထောက်ခံတာကို ဂရုမစိုက်သလို၊ တရုတ်ပြည်ကလည်း နိုင်ငံရေးအယူဆထက် စီးပွားရေးကိုပဲစိတ်ဝင်စားတော့ ဗမာပြည်ကပြည်သူတွေဘယ်လောက်သေသေသိတ်မခံစားပါဘူး။
တရုတ်နိုင်ငံက ပြည်သူ့ဒီမိုကရေစီဆိုတာကိုယုံကြည်နေသေးတယ်ဆိုရင်၊ ပြည်သူတွေရဲ့အသံကိုစာနာနားလည်ပါလိမ့်မယ်။
ပြည်သူ့ဒီမိုကရေစီဆိုတာကိုလည်းတရုတ်ပြည်ကမယုံကြတော့သလို၊ ပြည်သူ့ဒီမိုကရေစီလို့ကြွေးကြော်နေသူတွေကိုလည်းကျနော်တို့အတွင်းစည်းထဲမှာစမ်းစစ်ပြီးခဲ့တာကြာပါပြီ "နိုင်ငံတော်တည်ငြိမ်ရေး"ကိုသာအကြောင်းပြပြီး၊ ဗမာပြည်ကိုသူတို့လက်အောက်ခံနိုင်ငံတခုအဆင့်လောက်သာဝမ်းဗိုက်ထဲသွပ်သွင်းနေခဲ့တဲ့နိုင်ငံတခုကို လည်းနဖူးတွေ့ဒူးတွေ့တွေ့ခဲ့ပြီးပါပြီ။

ဗမာအတိုက်အခံတွေက တရုတ်အစိုးရကိုထိပ်တိုက် ပဲ တွေ့တွေ့၊ ဒူးထောက်ပြီးတောင်းပန်တောင်းပန်၊ ဗမာပြည် ကိုသူ့နိုင်ငံရဲ့ပြည်နယ်တခုလိုသဘောထားမယ်။ တတ်နိုင်သလောက်လွှမ်းမိုးနိုင်အောင်လုပ်မယ်။ဟန်လူမျိုးကြီးထွားအောင်လုပ်မယ်။ ဒီလောက်ပါပဲ။ သိတ်ထူးခြားဆန်းကြယ်တဲ့အတွေးအခေါ်တွေမဟုတ်ပါဘူး။
......................................................
......................................................

တကယ်တော့- ပြည်ပနိုင်ငံတခုကိုဦးတည်ပြင်းခုန်နေရင်ကျနော်တို့လုပ်စရာတွေအတွက်အချိန်ကုန်ပါတယ်။
ကျနော်တို့အနေနဲ့အိမ်နီးချင်းနိုင်ငံအားလုံးနဲ့အဆင်ပြေပြေနေချင်ပါတယ်။ လူမျိုးရေးမုန်းတီးမှုဆိုတာအခုထိစိတ်မဝင်စားသေးတဲ့အရာတခုပါ။
ထို့အတူပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင်၊အိမ်နီးချင်းနိုင်ငံတွေကလည်းကျနော်တို့ပြည်သူတွေရဲ့လွတ်မြောက်ရေးလှုပ်ရှားမှုကိုနင်းချေပစ်မဲ့လုပ်ရပ်မျိုး၊ ထိခိုက်မဲ့အရာမျိုးထိပ်တိုက်မတွေ့မိဖို့လိုပါလိမ့်မယ်။ ဒီမိုကရေစီအင်အားစုတွေကသဘောထားကြီးနားလည်မှုတွေကိုပြန်လည်သိတတ်ဖို့လိုပါလိမ့်မယ်။
ဟန်လူမျိုးကောင်းစားဖို့တခုတည်းသာဖိလုပ်မနေဖို့လိုပါလိမ့်မယ်။

ကိုယ့်အင်အားကိုယုံကြည်တယ်ဆိုရင်- ဒီကနေ့ဖြစ်ပျက်နေတဲ့ ပါလက်စတိုင်း-အစ္စရေးပြဿနာကိုလေ့လာစေချင်ပါတယ်။
ကျနော်တို့အနေနဲ့ တရုတ်ဆန့်ကျင်ရေးတွေပြောနေဖို့စိတ်ကူးမရှိပါ။ သို့သော်-မရိုးသားတဲ့၊ အသံကောင်းလှှင့်နေတဲ့နိုင်ငံခြားရေးမူအားလုံးကိုဝေဖန်သွားမယ်။
ဒီကနေ့ဗမာပြည်ကပြည်သူထုထုကကလေးမဟုတ်တော့ပါ။ သတင်းအတတ်ပညာတွေကျယ်ပြန့်နေတဲ့ခေတ်ဖြစ်တယ်။
လူတိုင်းအချက်အလက်တွေနဲ့စုံနစ်တကျဝေဖန်ဆန်းစစ်နေတဲ့ခေတ်ဖြစ်တယ်။
ကြုံတွေ့နေရတဲ့အခက်အခဲတွေ၊ ကျူးကျော်မှုတွေက သူတို့ရဲ့အမြင်တွေကိုပြောင်းလဲစေခဲ့တယ်။
စာလှမ်းရေးသူတွေအားလုံး၊ အချိန်ကုန်ခံပြီးစာဖတ်တဲ့သူတွေအားလုံးကိုကျေးဇူးတင်ပါတယ်။